

# မုဒြာအကြောင်း သိကောင်းစရာ

- Posted by [ukkmaung](ukkmaung) on January 28, 2012 at 8:00pm



မုဒြာအကြောင်း သိကောင်းစရာ

အသောက မင်းတရားကြီး ကောင်းမှုတော် ဖြစ်သော အလိုတော်ပေါက် ဘုရားအတွင်းက ကြည့်ညိုစရာ ရုပ်ပွားတော်တစ်ဆူ

မုဒြာ အကြောင်းတွေကို စိတ်ဝင်စားလို့ စုစည်းနေတာ ကြာခဲ့ပါပြီ၊ သို့သော်လည်း ကျေနပ်ရလောက်အောင် အချက်အလက် စုံစုံညီညီ တော့ မစုဆောင်းနိုင်သေးပါ၊ ကလေးဘဝ အရွယ်ကတည်းက ဘုရားရှင်ပုံတော် အမျိုးမျိုးတွေမှာ လက်တော် ပုံစံ အမျိုးမျိုး ထုလုပ်ပူဇော်ထားတာကို တွေ့ရသော်လည်းဘာကြောင့် လဲ ဆိုတာ မစဉ်းစားနိုင်ခဲ့ဘူး၊

မြန်မာပြည်မှာ ကတည်းက ရုပ်ပုံတွေနှင့်တကွ စာပေတွေကိုရော စုဆောင်းထားပေမဲ့ အဲဒီ မှတ်စုက ကျန်ရစ်ခဲ့တဲ့ အတွက် ယခုတော့ လက်လှမ်းမှီရာ လောက်သာ စုစည်းတင်ပြလိုက်ပါတယ်၊

တကယ်တော့ မုဒြာ ဆိုတာ မဟာယာန အနွယ် တန္တရ ယာန ဂိုဏ်းက နေ ဆင်းသက် ကူးစက်လာတယ်လို့ ဗုဒ္ဓသာသနာ ၂၅၀၀ ခရီး စာအုပ်မှာ ဖော်ပြထားတာ တွေ့ရပါတယ်၊ ဒါကြောင့် ကနဦးအနေနဲ့ မုဒြာ ဟာ ထေရဝါဒ ဗုဒ္ဓဘာသာ နဲ့ ရာန္တန်းပြည့် မသက်ဆိုင်ပေမဲ့ အနည်းငယ် ရောယှက်နေတာကိုတော့ ဝန်ခံရမှာပါ၊

အခု တင်ပြထားတာတွေကတော့ မြန်မာပြည်တိုးက ရှမ်းပြည်တောင်ပိုင်းဒေသ အင်းလေး ဖောင်တော်ဦးဘုရား ကို အသွား နန်းပန် ရွာအနီးက အလိုတော်ပေါက် ဘုရားမှာ တွေ့လို့ ရှားရှားပါးပါး မှတ်တမ်းအနေနဲ့ ရိုက်ယူထားတဲ့ ပုံတော် အချို့ကို ဗဟုသုတအနေနဲ့ မျှဝေလိုက်ပါတယ်၊ ၎င်းဘုရားဟာ အသောက မင်းကြီးရဲ့ နေရာအနှံ့ကုသိုလ်ပြုရာ စေတီပေါင်း ၈၄၀၀၀ စာရင်းမှာပါဝင်တယ် လို့ ကြည်ညိုဖွယ်ရာ မှတ်သားရပါတယ်။

( မုဒြာ ဆိုသည်မှာ လက်နေလက်ထားဟန် ခြေနေခြေထားဟန်တို့ကို သရုပ်ဖော်ထားခြင်း ဖြစ်၏ )



သန္တိဒ မုဒြာရုပ်ပွား ဆင်းတုတော်ကို ကိုးကွယ်လျှင် ဘေးရန်ကင်းခြင်း ၊ ငြိမ်းချမ်း သာယာခြင်း၊ စီးစိမ် ကျက်သရေတိုးပွားခြင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊ တရားထူး ကို ရရှိခြင်း သိဒ္ဓိပေါက်ခြင်း၊ ဆုတောင်းပြည့်ခြင်း အကျိုးထူးများကို ရရှိနိုင်သည် ဟု ဆိုသည်၊

( သန္တိ - ငြိမ်းအေးခြင်း ကို ၊ ဒ - ပေးတော်မူဟန် )



အဘယ မုဒြာ ရုပ်ပွားတော်ကို ကိုးကွယ်သူသည် အစိမ်းသားရဲ သင်းကွဲ ပြိတ္တာ နတ်မိစ္ဆာတို့၏ နှောက်ယှက်မှုမှ ကင်းဝေးသည်၊ ရဲရင့်တက်ကြွ သူရသတ္တိနှင့် ပြည့်စုံစေသည်၊

ရန်သူ စစ်သည် သူပုန် သူခိုး မုဒိမ်း ဓားပြတို့ ရန်မှ ကင်းဝေးသည်၊ စိတ်အားငယ်ခြင်း စိတ်ဓာတ်ကျဆင်းခြင်းမှ လွတ်ငြိမ်းပပျောက်စေသည်၊ စသော အကျိုးထူးများကို ရရှိခံစားနိုင်ကြောင်း ပြဆိုထားသည်၊ ( ဘယ - ဘေးရန်ဟူသမျှ။ အ- မရှိခြင်း၊ )



( ဒါန မုဒြာ - ပေးကမ်းစွန့်ကြဲ လှူဒါန်းနေတော်မူဟန် )

ဒါနမုဒြာ ရုပ်ပွားတော်ကို ကိုးကွယ် ဆည်းကပ်သူသည် ရွှေငွေ ဥစ္စာရတနာ ဆင်မြင်း စသော စီးစိမ်ရတနာများရရှိခြင်း၊ ကြွေးမြီတောင်းခံရာ၌ အလွယ်တကူ ရရှိခြင်း၊ သူတပါးအထံမှ လက်ဆောင်ပဏ္ဏာ အခွန်အတုပ်ဘဏ္ဍာများ ရနိုင်ခြင်း၊ တိုင်းပြည်နိုင်ငံအတွင်း ဆန်ရေ စပါး ပေါများပြည့်စုံခြင်း၊ စသော အကျိုးထူးများကို ခံစားရတတ်သည်၊ ဟု တန္တရယာန ကျမ်းဂန်းများက ဆိုကြပေသည်၊



ဒါကတော့ မြန်မာ တို့နဲ့ ရင်းနှီးနေပြီးသား ဖြစ်တဲ့ တရားဦး ဓမ္မစကြာ ဟောတော်မူဟန် မုဒြာ ဖြစ်ပါတယ်၊ အောက်ကပုံလေးလဲ ဓမ္မစက္က မုဒြာ ပါပဲ



# ဓမ္မစကြာမုဒြာ



(ဝရ - ကောင်းမြတ်သော ဆုလာဘ်ဟူသမျှကို ၊ ဒ - ပေးတော်မူတာန် )

ဝရဒမုဒြာ ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ပူဇော်သူများသည် ကောင်းချီးမင်္ဂလာ ဆုလာဘ်များကို ရရှိခြင်း၊ ဆုတောင်းပြည့်ဝခြင်း၊ အလိုဆန္ဒအတိုင်း တလုံးတဝတည်း ပြည့်စုံစေခြင်း၊ သားဆုကို ပြုနိုင်ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာအခါတိုင်း ထိရောက်ပြည့်ဝခြင်း၊ ဓာတ်သက်ဝင်ခြင်း ၊ ဓာတ်စီးခြင်း၊

ရာထူးဌာနန္တရ တိုးခြင်း၊ စီးစိမ်တိုးပွားခြင်း ၊ ကုန်ရောင်းကုန်ဝယ် ပြုရာ၌ အမြတ်စွန်းရခြင်း၊ ကစားလောင်းကစားခြင်း၌ အောင်နိုင်ခြင်း၊ စစ်တိုက်ရာ၌ အောင်နိုင်ခြင်း၊ ပူဇော်သက္ကာရ ကို ရရှိခြင်း၊ လက်ဆောင်ပဏ္ဏာအများအပြား ရရှိခြင်း၊ ခြွေရံသင်းပင်း ပေါများပြည့်စုံခြင်း စသော လောကီအကျိုးကျေးဇူးအမြောက်အများ ရရှိနိုင်သည် ဟု တန္တရယာနကျမ်းများက ဆိုပါသည်၊

ဆက်လက်ဖော်ပြပါမည် --

by ပန်းကမ္ဘာ

https://yatanavasatemple.ning.com/profiles/blogs/3860373:BlogPost:34833